ကရင်နီပြည် အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

# ကရင်နီပြည်ကြားကာလ

# စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာမူဝါဒ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ( ၅ ) ရက်နေ့တွင်
အတည်ပြု ပြဋ္ဌာန်းသည်။

ကရင်နီပြည်ကြားကာလ

# စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာမူဝါဒ

# မာတိကာ

**နိဒါန်း**........................................................................................................ ၄
**အခန်း (၁) မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် စံတန်ဖိုး**...................... ၆
ရည်မှန်းချက် ............................................................................................ ၆
ရည်ရွယ်ချက် ............................................................................................ ၇
စံတန်ဖိုးများ ............................................................................................ ၉
**အခန်း (၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာမူဝါဒ၏ အခြေခံမှုနှင့် မူဝါဒများ**.....၁၀
စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာမူဝါဒ၏ အခြေခံမှုများ.................................. ၁၀
သွင်းအားစုဆိုင်ရာမူဝါဒ ........................................................................ ၁၁
မျိုးကောင်းမျိုးသန့်ဆိုင်ရာမူဝါဒ ................................................................ ၁၁
**အခန်း (၃) စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာမူဝါဒ၏ မူဝါဒများ**...........................၁၁
ပိုးမွှားရောဂါ ကာကွယ်ထိန်းချုပ်ရေးစနစ် ဆိုင်ရာမူဝါဒ (Plant and Animal Quarantine)......................................................................................၁၂
ထုတ်ကုန်နှင့်ဈေးကွက်ဆိုင်ရာမူဝါဒ.............................................................. ၁၃
စိုက်ပျိုးမွေးမြူရေးစရိတ်ဆိုင်ရာမူဝါဒ.......................................................... ၁၄
သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာမူဝါဒ............................................ ၁၄
လူသားအရင်းအမြစ်ဆိုင်ရာမူဝါဒ ............................................................. ၁၅
စားသုံးသူအခွင့်အရေးဆိုင်ရာမူဝါဒ............................................................ ၁၅
ကျန်းမာရေးဆိုင်ရာမူဝါဒ ....................................................................... ၁၅
သုတေသနနှင့် နည်းပညာဆိုင်ရာမူဝါဒ........................................................ ၁၆
ပူးပေါင်းပါဝင်မှုဆိုင်ရာမူဝါဒ..................................................................... ၁၇
အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာမူဝါဒ.......................................................... ၁၇
**အခန်း (၄) ဘဏ္ဍာရေးဆိုင်ရာမူဝါဒ**.........................................................၁၇
ဘဏ္ဍာရေးဆိုင်ရာမူဝါဒ ........................................................................ ၁၇
**အခန်း (၅) အထွေထွေပြဋ္ဌာန်းချက်များ**......................................................၁၈
အတည်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာမူဝါဒ ............................ ၁၈
ပြင်ဆင်ဖြည့်စွက်ခြင်းဆိုင်ရာမူဝါဒ ............................................................ ၁၉
**နိဂုံး**.......................................................................................................၁၉

# နိဒါန်း

၂၀၂၁ ခုနှစ်၊ မေလ၊ (၂၁) ရက်နေ့မှစတင်၍ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများနှင့် အကြမ်းဖက်စစ်တပ်တို့ကြား တိုက်ပွဲများစတင်ဖြစ်ပွားကာ တစ်ပြည်နယ်လုံးအတိုင်းအတာအထိ ပျံ့နှံ့သွားခဲ့ပြီး ဒေသအတွင်း ပြည်နယ်၏ လူဦးရေ (၃) ပုံ (၂) ပုံခန့်သည် နေရပ်စွန့်ခွာကာ စစ်ဘေးသင့်ခဲ့ရသည်။ အကြမ်းဖက်စစ်တပ်သည် အရပ်သားများအပေါ် ဦးတည်သော ရက်စက်ကြမ်းကြုတ်သည့် လေကြောင်းတိုက်ခိုက်မှုများ၊ ထိုးစစ်များကြောင့် ကရင်နီပြည်ရှိ လူထုတစ်ရပ်လုံးသည် လူ့အခွင့်အရေးချိုးဖောက်မှုများခံစားနေရပြီး အဆိုးရွားဆုံးသော အခြေအနေများနှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင်ဖြစ်ပွားသော ယာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် ပြည်တွင်းဌာနေလက်လွတ်သူများ(Internally Displaced People - IDP) အပါအဝင် ကရင်နီပြည်သူများသည် သဘာဝဘေးဒဏ်ကို ထပ်ဆင့်ကြုံတွေ့ခံစားခဲ့ရသည်။ ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ၊ လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန၏ ထုတ်ပြန်ချက်အရ ယာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် ကရင်နီပြည်နေရာအနှံ့တွင် ယခင်ကမကြုံဖူးသော ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားခဲ့သည်။

၎င်းမုန်တိုင်းကြောင့် လမ်းတံတားများ၊ အိုးအိမ်များနှင့် ယာယီနေထိုင်ရာတဲများ (၁၉၀၀) ကျော် ထိခိုက်ပျက်စီးခဲ့ပြီး စပါးနှင့်စိုက်ပျိုးသီးနှံစိုက်ခင်းများ ဧက (၁၀၀၀၀) ကျော် ရေလွှမ်းခဲ့ရသည့်အပြင် မလိုလားအပ်သည့် အသက်ဆုံးရှုံးခြင်းများလည်း ပြည်တွင်းဌာနေလက်လွတ်သူများမှ ပြင်းထန်စွာခံစားခဲ့ရသည်။[၁] ထို့ပြင် လက်ရှိစစ်ဘေးဒဏ်နှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်နေရသော ကရင်နီပြည်တွင် စားနပ်ရိက္ခာလိုအပ်ချက်နှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အခက်အခဲများရှိနေသဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် အထူးပင်အရေးကြီးနေပါသည်။

အထက်ပါအကြောင်းအမျိုးမျိုးကြောင့် (Civil Disobedient Movement -CDM) တွင် ပါဝင်သော စိုက်ပျိုးရေးဝန်ထမ်းများသည် (၁၀.၂.၂၀၂၄) ရက်နေ့တွင် ပြန်လည်စုစည်းကာ တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများနှင့် လိုအပ်သောနည်းပညာများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဝန်ဆောင်မှုများပေးနိုင်ရန် ကနဦးဝိုင်းဝန်းဆောင်ရွက်ခဲ့ကြပြီး (၁၄.၈.၂၀၂၄) ရက်နေ့တွင် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) မှစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနကို ဖွဲ့စည်းအတည်ပြုခဲ့သည်။

*[၁] ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက် ကြေညာချက်အမှတ် (၃။၂၀၂၄)အရ ၂၀၂၄ ခုနှစ်*

သို့ဖြစ်ပါ၍ စိုက်ပျိုးမွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများကို ပြည်သူလူထုများ ရရှိခံစားနိုင်ရန်အတွက် ကရင်နီအရပ်ဘက်အဖွဲ့အစည်းများ၊ တော်လှန်ရေးအင်အားစုများသည် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး စိုက်ပျိုးမွေးမြူရေးဆိုင်ရာကဏ္ဍကို ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီနှင့်အတူ မူဝါဒမူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်ခဲ့သည်။ (၁၀.၃.၂၀၂၅) ရက်နေ့မှစတင်ပြီး မူဝါဒမူကြမ်း တစ်ရပ်ရေးဆွဲနိုင်ရန်အတွက် ကရင်နီပြည်အတိုင်ပင်ခံကောင်စီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဌာနတို့ဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးမူဝါဒမူကြမ်းရေးဆွဲရေးအလုပ်အဖွဲ့ အား ဖွဲ့စည်းပြီး မူဝါဒမူကြမ်းရေးဆွဲခြင်းလုပ်ငန်းများ စတင်အကောင်ထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။ မူဝါဒရေးဆွဲသည့်လုပ်ငန်းစဉ်များအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနနှင့် ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂတို့သည် ဒေသခံတောင်သူများ ၏ အတွေ့အကြုံများကိုအခြေခံသော တောင်သူညီလာခံများကို မြို့နယ်အလိုက် ပြုလုပ်ခဲ့ပါ သည်။

တောင်သူညီလာခံများမှရရှိလာသော အချက်အလက်များကို အခြေခံ၍ ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၊ မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ မူဝါဒရေးဆွဲရေးအလုပ်အဖွဲ့တို့ပူးပေါင်းပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာမူဝါဒ (မူကြမ်း) အား မြို့နယ်အလိုက် တောင်သူကိုယ်စားလှယ်များ၊ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးကောင်စီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များ၏ အကြံပြုချက်များရယူခြင်းကို ဆောင်ရွက်ခဲ့သည်။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေး ကောင်စီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဌာနသည် ဤမူဝါဒများကိုအခြေခံကာ တောင်သူများ၏ လိုအပ်ချက်၊စိန်ခေါ်မှုနှင့်အခက်အခဲများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

ကရင်နီပြည်အတွင်းရှိ တောင်သူလယ်သမားများ၏ ဒေသလိုအပ်ချက်ကို အခြေပြုကာ အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စိုက်ပျိုးမွေးမြူနည်းများဖြင့် စားနပ် ရိက္ခာဖူလုံရေးနှင့် ဈေးကွက်သို့တင်ပို့နိုင်သည်အထိ စိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်းဖြင့် တောင်သူများ၏ လူမှုစီးပွားအခြေအနေ တိုးတက်မြင့်မားလာစေရေးကို ဦးတည်ရည်မှန်း၍ ဤမူဝါဒအား ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

ဤစိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ မူဝါဒမူကြမ်းကို ကရင်နီပြည်အတွင်းရှိ တောင်သူများနှင့် သက်ဆိုင်ရာအစုအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် အကြံပြုချက်များ၊ မှတ်ချက်များရယူခြင်းကို အကြိမ်ရေ စုစုပေါင်း (၅) ကြိမ်ခန့်ဆောင်ရွက်ခဲ့ကာ မူကြမ်း ရေးဆွဲရေးအလုပ်အဖွဲ့မှ ကရင်နီပြည် အတိုင်ပင်ခံကောင်စီသို့ ဆက်လက်တင်ပြပြီး ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၅) ရက် နေ့တွင် ကျင်းပပြုလုပ်သော ကရင်နီပြည်အတိုင်ပင်ခံကောင်စီ ၏ ( ၁၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

# အခန်း (၁)

# မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် စံတန်ဖိုး

## မျှော်မှန်းချက်

၁။ ဒေသလိုအပ်ချက်ကိုအခြေပြုကာ အာဟာရပြည့်ဝ၍ ဘေးအန္တရာယ်ကင်းသည့် စိုက်ပျိုးမွေးမြူရေးနည်းများဖြင့် ပြည်သူလူထု၏ စားနပ်ရိက္ခာဖူလုံပြီး ဈေးကွက်တွင်းယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ထုတ်ကုန်များအား စိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်းဖြင့် တောင်သူများ၏ လူမှုစီးပွားအခြေအနေ တိုးတက်မြင့်မားစေရန် မျှော်မှန်းသည်။

## ရည်မှန်းချက်

၂။ စားနပ်ရိက္ခာဖူလုံမှုအတွက်လည်းကောင်း၊ စီးပွားဖြစ်ထုတ်လုပ်တင်ပို့ ရောင်းချရန်အတွက်လည်းကောင်း၊ အဟာရပြည့်ဝ၍ ဘေးဥပါဒ်ကင်းသည့် သီးနှံ၊ သား၊ ငါးများ စိုက်ပျိုးမွေးမြူထုတ်လုပ်ရာတွင် ခေတ်မီစက်ပစ္စည်းကိရိယာများ၊ နည်းပညာများ၊ အရည်အသွေးပြည့်ဝသည့်သွင်းအားစုများနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အလေ့အထကောင်းများကို လက်လှမ်းမီနိုင်စေရန်အတွက် တန်ဖိုးကွင်းဆက်တစ်လျှောက်လုံးတွင် ပါဝင်သည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လုပ်ငန်းရှင်များနှင့် တောင်သူများအား ထိရောက်သောအထောက်အကူများပေးရန် ရည်မှန်းသည်။

# ရည်ရွယ်ချက်

၃။ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာမူဝါဒ၏ရည်ရွယ်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်–

**(က) စိုက်ပျိုးရေးဆိုင်ရာရည်ရွယ်ချက်များမှာ–**

(၁) ဒေသမျိုးစေ့၊ မျိုးဆံများကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက်လိုအပ်သည့် နည်းပညာ၊ ထောက်ပံ့မှုအစီအစဉ်များကို ဆောင်ရွက်ပေးနိုင်ရန်၊

(၂) စိုက်ပျိုးရေးဆိုင်ရာနည်းပညာတိုးတက်မှုအတွက် တီထွင်စမ်းသပ်ခြင်း၊ သုတေသနများ လုပ်ဆောင်ခြင်းကိုအားပေးရန်နှင့် ခေတ်မီနည်းပညာများ အသုံးပြု၍ စိုက်ပျိုးရေးကဏ္ဍကို ရှင်သန်အားကောင်းစေရန်၊

(၃) ရေရှည်တည်တံ့သောစိုက်ပျိုးရေးအတွက် သဘာဝပတ်ဝန်းကျင်အားပျက်စီး ယိုယွင်းမှု မရှိစေသော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ၊ ဓလေ့ထုံးတမ်း အစဉ်အလာကောင်းများကို မြှင့်တင်နိုင်ရန်၊

(၄) စိုက်ပျိုးရေးဆိုင်ရာ သဘာဝသွင်းအားစုများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ် သုံးစွဲနိုင်ရန် လိုအပ်သည့်နည်းပညာများ၊ ဝန်ဆောင်မှုများကို ပံ့ပိုးအားပေး ဆောင်ရွက်နိုင်ရန်၊

(၅) စားနပ်ရိက္ခာဖူလုံသည်သာမက ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့် ဝသောအစားအစာ ထုတ်လုပ်မှုနှင့် ဒေသထုတ်ကုန်များကို တန်ဖိုးမြှင့်တင် ပြီးအာမခံချက်ရှိသော ဈေးကွက်ရှာဖွေ ဖော်ထုတ်သွားနိုင်ရန်၊

(၆) ကရင်နီပြည်ကြားကာလ မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒနှင့်အညီ အစားထိုး သီးနှံများ စိုက်ပျိုးခြင်းဖြင့် ပြည်နယ်၏ မူးယစ်ဆေးဝါးလျှော့ချရေး လုပ်ငန်းစဉ်များတွင် တစ်ဖက်တစ်လမ်းအထောက်အကူပြုနိုင်စေရန်၊

(၇) ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးဆိုင်ရာတောင်သူများအား သာတူညီမျှသော အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်၊

(၈) သဘာဝဆေးဖက်ဝင်(ပရဆေး)အပင်များ ထိန်းသိမ်းခြင်း၊ စိုက်ပျိုးခြင်းမှ တိုင်းရင်းဆေးဝါး ထုတ်လုပ်နိုင်သည်အထိ အားပေးနိုင်ရန်။

**(ခ) မွေးမြူရေးဆိုင်ရာရည်ရွယ်ချက်များမှာ–**

(၁) ဒေသနှင့်ကိုက်ညီပြီး စနစ်ကျသော မွေးမြူရေးနည်းစနစ်ကောင်းများ ဖွံ့ဖြိုးလာစေရန်နှင့် ရေရှည်တည်တံ့စွာ မွေးမြူထုတ်လုပ်နိုင်ရန်၊

(၂) စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ဘေးအန္တရာယ်ကင်းရှင်းသော အသား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းစသည့် ထုတ်ကုန်များ ထုတ်လုပ်မှု ပိုမိုအားကောင်းလာစေရန်နှင့် ဈေးကွက်ဖော်ဆောင်ပေးနိုင်ရန်၊

(၃) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း၊ နည်းပညာပေးခြင်း၊ ပုံမှန် ကာကွယ်ဆေးထိုးနိုင်ရန်အတွက် လိုအပ်သော ဝန်ဆောင်မှုများပေးခြင်းနှင့် အတူ ကူးစက်ရောဂါထိန်းချုပ်နိုင်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်၊

(၄) မွေးမြူရေးဆိုင်ရာ သဘာဝသွင်းအားစုများအား ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ် သုံးစွဲနိုင်ရန် လိုအပ်သည့် နည်းပညာများ၊ ဝန်ဆောင်မှုများကို ပံ့ပိုးအားပေးဆောင် ရွက်နိုင်ရန်၊

(၅) တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်မွေးမြူနိုင်ရန်၊ မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူတို့၏ လူမှုစီးပွားအခြေအနေ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၆) ပြည်နယ်အတွင်းရှိ မွေးမြူရေးဆိုင်ရာတောင်သူများအား သာတူညီမျှသော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊

(၇) ရှားပါးတိရစ္ဆာန်မျိုးစိတ်များအား ထိန်းသိမ်းခြင်းကိုအားပေးရန်။

# စံတန်ဖိုးများ

၄။ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာမူဝါဒ၏ စံတန်ဖိုးများမှာ–

(က) ဒေသမျိုးစေ့၊ မျိုးရင်းနှင့် မျိုးစိတ်များကို အလေးထားထိန်းသိမ်းတန်ဖိုးထားခြင်း၊

(ခ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ စနစ်ကျပြီး ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေးကို အားပေးခြင်း၊

(ဂ) အော်ဂဲနစ်ထုတ်ကုန် (Organic Product) ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးခြင်း၊

(ဃ) ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံပြီး ဘေးကင်းလုံခြုံစိတ်ချမှုကို အထူးအလေးထားခြင်း၊

(င) ဒေသအလိုက်အောင်မြင်ဖြစ်ထွန်းသော စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အားပေး မြှင့်တင်ခြင်း၊

(စ) သဘာဝအရင်းအမြစ်များကို စနစ်တကျတန်ဖိုးထားပြီး ကာကွယ်ထိန်းသိမ်းခြင်း၊

(ဆ) တောင်သူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးခြင်း။

# အခန်း (၂)

# စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာမူဝါဒ၏ အခြေခံမူနှင့် မူဝါဒများ

## စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာမူဝါဒ၏ အခြေခံမူများ

၅။ (က) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသည် စားနပ်ရိက္ခာဖူလုံရေးနှင့်ဘေးကင်းလုံခြုံစိတ်ချရေးအတွက် ဒေသထွက်မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးနှင့် သဘာဝသွင်းအားစုအသုံးပြုမှုများကို ဦးစားပေးဖော်ဆောင်ရမည်။

(ခ) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ မထိခိုက်စေသော စိုက်ပျိုးမွေးမြူရေးစနစ်ကောင်းများကို ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာအစုအဖွဲ့များ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအပါအဝင် ဒေသနေတောင်သူများပူးပေါင်းပါဝင်သော အစီအစဉ်များ ချမှတ်ဖော်ဆောင်ရမည်။

(ဂ) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သောအရင်းအနှီးများ၊ ဈေးကွက်များ၊ မျိုးစေ့များနှင့် နည်းပညာဗဟုသုတများကို ပံ့ပိုးဖော်ဆောင်ပေးရမည်။

(ဃ) စားသုံးသူများ၊ တောင်သူများ၊ သဘာဝပတ်ဝန်းကျင်၊ တိရစ္ဆာန်နှင့် ဂေဟစနစ်များ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးပြီး စိုက်ပျိုးမွေးမြူရေးတွင်အသုံးပြုသည့် ဓာတုသွင်းအားစုများအသုံးပြုမှုကိုလျှော့ချပြီး စနစ်တကျအသုံးပြုနိုင်ရန် အစီအစဉ်များချမှတ်အကောင်အထည်ဖော်ရမည်။



ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် အတည်ပြု ပြဌာန်းသည်။

# အခန်း (၃)

# စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာမူဝါဒ၏ မူဝါဒများ

## မျိုးကောင်းမျိုးသန့်ဆိုင်ရာမူဝါဒ

၆။ (က) ဒေသမျိုး၊ ဒေသနှင့်ကိုက်ညီပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေသည့် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဖြန့်ဝေခြင်းများကို စနစ်တကျဆောင်ရွက်ရမည်။

(ခ) မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ အရည်အသွေးမြင့် မျိုးသစ်များသုံးစွဲနိုင်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် ရမည်။

(ဂ) စပ်မျိုး၊ **CP** မျိုးများနှင့် မရောနှောစေရန် ဒေသထွက်မူလမျိုးများကိုမပပျောက် အောင် စနစ်တကျမှတ်တမ်းတင်ထိန်းသိမ်းရမည်။

(ဃ) ရာသီဥတုနှင့် ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးကောင်းမျိုးသန့်များ ရရှိ နိုင်ရေးအတွက် သက်ဆိုင်ရာအစုအဖွဲ့များ၊ တောင်သူများနှင့် ပူးပေါင်းပြီး စီမံဆောင်ရွက်ရမည်။

## သွင်းအားစုဆိုင်ရာမူဝါဒ

၇။ (က) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သွင်းအားစုများ ရောင်းဝယ်ဖြန့်ဖြူးရာတွင် သက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ရှိရမည်။

(ခ) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် စိုက်ပျိုးမွေးမြူရေး ဆိုင်ရာတွင် အသုံးပြုသော ဓာတုသွင်းအားစုအသုံးပြုမှုများအား လျှော့ချပြီး သဘာဝသွင်းအားစုအသုံးပြုမှုကို အစားထိုးအသုံးပြုနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ဂ) သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင်အသုံးပြုသည့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများဖြစ်သော မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မွေးမြူရေးဆိုင်ရာ အသုံးအဆောင်များ၊ ရောဂါကာကွယ်ဆေးများ၊ ဆေးဝါးများစသည့် သွင်းအားစုများသည် နိုင်ငံတကာသတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ အသုံးပြုနိုင်စေရန် ဆောင်ရွက်ရမည်။

(ဃ) ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်ကို ကူးပြောင်းနိုင်ရန် နယ်မြေဒေသနှင့် ကိုက်ညီပြီး အရည်အသွေးပြည့်မီသော စက်ကိရိယာများပိုမိုသုံးစွဲနိုင်ရန်ဆောင်ရွက်ပေးရမည်။

(င) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်သားအရင်းအမြစ်များအား ဒေသတွင်းနေထိုင်သည့် ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ဦးစားပေးဆောင်ရွက်ရမည်။

# ပိုးမွှားရောဂါ ကာကွယ်ထိန်းချုပ်ရေးစနစ် ဆိုင်ရာမူဝါဒ (Plant and Animal Quarantine)

၈။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာဇီဝရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန် ပြည်တွင်း၊ ပြည်ပသို့ တင်ပို့၊ တင်သွင်းရာတွင် မြေ၊ မျိုးစေ့များ၊ သား၊ ငါးများနှင့် တိရစ္ဆာန်များအား ပိုးမွှားရောဂါကာကွယ်ထိန်းချုပ်ရေးစနစ် (Plant and Animal Quarantine) ဖြင့် စနစ်တကျစီမံထားရှိရမည်။


ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းသည်။

# ထုတ်ကုန်နှင့် ဈေးကွက်ဆိုင်ရာမူဝါဒ

၉။(က) စားနပ်ရိက္ခာဖူလုံရေးနှင့် လုံခြုံစိတ်ချမှုရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာထုတ်ကုန်များ အထွက်တိုးစေရန် စိုက်ပျိုးမွေးမြူရေး အလေ့အကျင့်ကောင်းများ (Good Agricultural Practices - GAP, Good Animal Husbandary Practices- GAHP, Good Manufacturing Practices – GMP, Best Management Practices- BMP)ကို ပံ့ပိုးဆောင်ရွက်ပေးရမည်။

(ခ) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်မှုအားကောင်းလာစေရန်အတွက် လိုအပ်သည့်အရင်းအမြစ်များနှင့် နည်းစနစ်များကို လက်လှမ်းမီစေရန် အစီအမံများ ချမှတ်အကောင်အထည်ဖော်ရမည်။

(ဂ) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တန်ဖိုးမြင့်ထုတ်ကုန်များကိုရောင်းချနိုင်ရန် ခိုင်မာသည့် ပြည်တွင်းပြည်ပဈေးကွက်များကို လက်လှမ်းမီနိုင်ရန် ပံ့ပိုးပေးရမည်။

(ဃ) တောင်သူများ စိုက်ပျိုးမွေးမြူထုတ်လုပ်ရောင်းချသည့်လုပ်ငန်းစဉ်များ ပိုမိုချောမွေ့စေရန် သိုလှောင်ရုံများ၊ စက်ယန္တရားများနှင့် ကုန်ထုတ်လမ်းတံတားများအား သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

(င) ဒေသတွင်းစိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုများ စနစ်တကျရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ကုန်စည်ဒိုင်များကို ကြပ်မတ်ပေးရမည်။

(စ) သက်ဆိုင်ရာဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး သင့်တင့်လျောက်ပတ်သော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထုတ်ကုန်ဈေးနှုန်းနှင့် ပို့ကုန်အခွင့်အလမ်းများ ဖန်တီးပေးရမည်။

(ဆ) စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာထုတ်လုပ်မှု တိုးတက်ရေးအတွက် တောင်သူလယ်သမားအစုအဖွဲ့များဖွဲ့စည်း၍ ပြုပြင်ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး ပွင့်လင်းမြင်သာမှုရှိသော ကန်ထရိုက် လယ်ယာစနစ် (Contract Farming) နှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်(Integrated Frarming)ပေါ်ပေါက်လာစေရန် စနစ်တကျလမ်းညွှန်ကြပ်မတ် ဖော်ဆောင်ပေးရမည်။

# စိုက်ပျိုးမွေးမြူရေးစရိတ်ဆိုင်ရာမူဝါဒ

၁၀။ (က) တောင်သူများလိုအပ်သော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ငွေကြေးအရင်းအနှီး၊ ချေးငွေအထောက်အပံ့နှင့် သွင်းအားစုများရရှိရေး ဆောင်ရွက်ရမည်။

(ခ) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သောအရင်းအနှီးများ သာမက နည်းပညာများရရှိစေရန် ပြည်တွင်း၊ ပြည်ပနှင့် တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများရရှိရေး ဆောင်ရွက်ရမည်။

# သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာမူဝါဒ

၁၁။ (က) စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုသော သွင်းအားစုများ အတုအပကင်းရှင်းရေးနှင့် စစ်မှန်သောအရည်အသွေးဖြစ်ရေး ဦးစားပေး ဆောင်ရွက်ရမည်။

(ခ) စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝဂေဟ စနစ်များကာကွယ်ရေး၊ ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး၊ မြေဆီလွှာ အရည်အသွေးထိန်းသိမ်းရေးနှင့် ဇီဝမျိုးကွဲများဆုံးရှုံးမှု လျော့နည်းစေရေး အတွက် ဦးစားပေးဆောင်ရွက်ရမည်။

(ဂ) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်၊ လူမှုစီးပွားအခြေအနေ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မထိခိုက်စေရန် အလေးအနက်ထား ဆောင်ရွက်ရမည်။

# ကျန်းမာရေးဆိုင်ရာမူဝါဒ

၁၂။ (က) စိုက်ပျိုးမွေးမြူရေးသုံး ဓာတုပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၊ စားသုံးသူများနှင့် အသုံးပြုသူများ၏ ကျန်းမာရေးထိခိုက်မှု များမရှိစေရန် ပူးပေါင်းဆောင်ရွက်ရမည်။

(ခ) တောင်သူများနှင့်စားသုံးသူများအတွက် စိုက်ပျိုးမွေးမြူရေးသုံး ဓာတု ပစ္စည်းအသုံးပြုမှုနှင့် စွန့်ပစ်ပစ္စည်းဆိုင်ရာ ကျန်းမာရေးအသိပညာပေး လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။

(ဂ) မွေးမြူရေးဆိုင်ရာရောဂါကြောင့် သေဆုံးတိရစ္ဆာန်များနှင့် ပတ်သက်သော အသိပညာပေး လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

# စားသုံးသူအခွင့်အရေးဆိုင်ရာမူဝါဒ

၁၃။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်စည်များထုတ်လုပ်ဖြန့်ဖြူးပေးရာတွင်လည်းကောင်း၊ ဝန်ဆောင်မှုများပေးရာတွင်လည်းကောင်း စားသုံးသူများ၏ ဘေးအန္တရာယ်ကင်း ရှင်းရေးကို အလေးထားစီမံဆောင်ရွက်ရမည်။

# လူသားအရင်းအမြစ်ဆိုင်ရာမူဝါဒ

၁၄။ (က) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လူသားအရင်းအမြစ်လိုအပ်မှုများအတွက် ဒေသ တွင်းရှိ ကျွမ်းကျင်အရင်းအမြစ်များအား အသိအမှတ်ပြုခြင်း၊ ကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။

(ခ) စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာမူဝါဒကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သောအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် စွမ်းရည်များ မြှင့်တင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်။

(ဂ) ဒေသနေတောင်သူနှင့် လုပ်ငန်းရှင်များကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများမှတဆင့် အကြီးစားလုပ်ငန်းရှင်များ အဖြစ်သို့ ဖွံ့ဖြိုးတိုးတက်အောင် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

## သုတေသနနှင့် နည်းပညာဆိုင်ရာမူဝါဒ

၁၅။(က) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာဗဟုသုတများကို တောင်သူများ အလွယ်တကူလေ့လာသိရှိနိုင်စေရန် ဆောင်ရွက်ရမည်။

(ခ) ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးစနစ်များတွင်လည်းကောင်း သိပ္ပံနည်းကျစိုက်ပျိုးမွေးမြူရေးစနစ်များတွင်လည်းကောင်း အထွက်နှုန်းတိုးတက်ရေးဆိုင်ရာ သုတေသနနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးရမည်။

(ဂ) တောင်သူများအတွက် အကျိုးအမြတ်ရရှိစေမည့် မျိုး၊ စိုက်စနစ်၊ သီးနှံပုံစံ (သီးထပ်၊ သီးညှပ်၊ သီးရော၊ သီးလှည့်) စသည့် စံပြသီးနှံ စိုက်ကွက်များ၊ စံပြမွေးမြူရေးစနစ်များကို တောင်သူများပါဝင်သောပုံစံဖြင့် (Farmer Participatory Approach) ဆောင်ရွက်ပြီး နည်းပညာပြန့်ပွားစေရေး ဆောင်ရွက်ရမည်။

(ဃ) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်။


ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် အတည်ပြု ပြဌာန်းသည်။

## ပူးပေါင်းပါဝင်မှုဆိုင်ရာမူဝါဒ

၁၆။ ဤမူဝါဒကို အကောင်အထည်ဖော်ရာတွင် ဒေသနေတောင်သူများ၊ ထိခိုက်လွယ်အုပ်စု၊ ဖယ်ကျဉ်ခံအုပ်စုနှင့် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ဆုံးဖြတ်ပေးနိုင်မှုအခန်းကဏ္ဍကို အထူးထည့်သွင်းစဉ်းစား အကောင်အထည်ဖော်ရမည်။

## အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာမူဝါဒ

၁၇။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နယ်မြေဒေသအလိုက် အကျိုးရှိထိရောက်စွာစီမံခန့်ခွဲနိုင်ရေးအတွက်လိုအပ်သော စိုက်ပျိုးမွေးမြူရေးဆိုင်ရာအသင်းအဖွဲ့များကို မူဝါဒနှင့်အညီဖွဲ့စည်းနိုင်ပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

# အခန်း (၄)

# ဘဏ္ဍာရေးဆိုင်ရာမူဝါဒ

## ဘဏ္ဍာရေးဆိုင်ရာမူဝါဒ

၁၈။ (က) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ဤမူဝါဒပါ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များအပေါ်အခြေခံသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းများကို စီမံကွပ်ကဲဖော်ဆောင်ရာတွင် ဘဏ္ဍာငွေကြေးနှင့် အခွန်အခများ ကောက်ခံခြင်း၊ သုံးစွဲခြင်း စသည်တို့ကို ကရင်နီပြည်ကြားကာလဘဏ္ဍာရေးစီမံခန့်ခွဲမှု မူဝါဒနှင့်အညီ စီမံဆောင်ရွက်ရမည်။

(ခ) ကရင်နီပြည်အတွင်းရှိ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာရေးအခြေပြုအဖွဲ့အစည်းများသည် ယင်းတို့၏ စိုက်ပျိုးမွေးမြူရေးဆိုင်ရာရန်ပုံငွေများရရှိရန်အတွက် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီကိုသော်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်သော်လည်းကောင်း တိုက်ရိုက်ဆက်သွယ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

(ဂ) သဘာဝဘေးနှင့်လူလုပ်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးသွားသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် အရေးပေါ်ဘဏ္ဍာငွေ စီမံထားရှိရမည်။

## အခန်း (၅)

# အထွေထွေပြဋ္ဌာန်းချက်များ

## အတည်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာမူဝါဒ

၁၉။ (က) မူဝါဒမူကြမ်းရေးဆွဲရေးအလုပ်အဖွဲ့မှ ဤမူဝါဒမူကြမ်းအား ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာအစုအဖွဲ့များနှင့် ပြည်သူများထံမှသဘောထားမှတ်ချက်များရယူပြီး ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ အတည်ပြုရမည်။

(ခ) ဤမူဝါဒအတည်ပြုပြီး ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ဤမူဝါဒကို စတင်အကောင်အထည်ဖော်ရမည်။

(ဂ) ဤမူဝါဒကို အကောင်အထည်ဖော်ရန် ကရင်နီပြည်ကြားကာလလွှတ်တော်မှလိုအပ်သည့် ဥပဒေကို ပြဋ္ဌာန်းပြီး ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီမှ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သောနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲပြဋ္ဌာန်းရမည်။

(ဃ) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ မြေအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာများကို ကရင်နီပြည်ကြားကာလ မြေယာမူဝါဒနှင့်အညီ အသုံးပြုရမည်။

# ပြင်ဆင်ဖြည့်စွက်ခြင်းဆိုင်ရာမူဝါဒ

၂၀။ (က) ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် ပြောင်းလဲတိုးတက်လာသော အခြေအနေနှင့်အညီ ဤမူဝါဒအား ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ငန်းစဉ်များကို သက်ဆိုင်ရာအစုအဖွဲ့များပါဝင်မှုဖြင့် ဆောင်ရွက်ရမည်။

(ခ) ပြင်ဆင်ဖြည့်စွက်ပြီးစီးသည့် မူဝါဒအား ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ စိစစ်၍ လုပ်ထုံးလုပ်နည်းအတိုင်း ပြန်လည်အတည်ပြုပြဋ္ဌာန်းရမည်။

(ဂ) ပြန်လည်အတည်ပြုပြဋ္ဌာန်းသည့်နေ့မှစ၍ သက်ဆိုင်ရာအဖွဲ့အစည်းများမှ လိုက်နာကျင့်သုံးရမည်။

## နိဂုံး

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ဌာနတစ်ခုဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနသည် အစားအစာအုပ်ချုပ်စီမံမှု (Food Soverien -ty) ကိုအခြေခံပြီး ကရင်နီပြည်အတွင်းရှိ ပြည်သူလူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော စားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာဘေးအန္တရာယ် ကင်းရှင်းရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာများပြန့်ပွားအောင် ဆောင်ရွက်နိုင်ရေးနှင့် သဘာဝကို အခြေခံသော စိုက်ပျိုးရေးသုံးသွင်းအားစုများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး စသည့်လုပ်ငန်းများကို ကရင်နီပြည်အတွင်းရှိ တော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့်အတူပူးပေါင်းပြီး ကရင်နီပြည် ကြားကာလ အစီအမံနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးမူဝါဒမူကြမ်းရေးဆွဲရေးအလုပ်အဖွဲ့**
**မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ**
**ကရင်နီပြည်အတိုင်ပင်ခံကောင်စီ**

